❑ ယခုစာအုပ်ထဲတွင်တော့ ဘဏ္ဍာရေးပိုင်းဆိုင်ရာ တတ်ကျွမ်းနားလည်သည့် ဆရာများက သာမန်အားဖြင့် သတိမမူမိတတ်သော လေ့လာဆည်းပူးသင့်သည်များအတွက် ထောက်ပြရှင်းလင်းချက်များကို စာရှုသူတို့ စုစု စည်းစည်း ဖတ်ရှုနိုင်မည် ဖြစ်ပါသည်။ အထူးသဖြင့် လုပ်ငန်းကို အပေါ်စီးက ကြီးကြပ် စီမံရသူများအတွက် ဆိုလျှင် ပိုမို သင့်မြတ်လျော်ကန်မည်လည်း ဖြစ်ပါသည်။

*စီးပွားအောင်ရန် လိုသည့်အခြေခံ* မှ

❑ မြန်မာနိုင်ငံတွင် စတော့အိပ်ချိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဈေးကွက် ပီပြင်စွာ ပေါ်ထွန်းလာရေးမှာ Stakeholder များ အားလုံး၏ ဘဏ္ဍာရေးဆိုင်ရာဗဟုသုတနှင့် အတွေးအမြင်များ ရေချိန်မြင့်လာရန် အလွန်အရေးကြီးပါသည်။ ဤဘာသာပြန်စာအုပ်သည် ဘဏ္ဍာရေးပညာကို လေ့လာနေသော ကျောင်းသူ ကျောင်းသားများ၊ လုပ်ငန်းခွင်ရှိ ဘဏ္ဍာရေးဝန်ထမ်းများ၊ စီမံခန့်ခွဲသူများ၊ စီးပွားရေးလုပ်ငန်းရှင်များသာမက ပြင်ပ ပုဂ္ဂိုလ်များပါ ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

*ဘဏ္ဍာရေးအတိုင်ပင်ခံ ဦးသိန်းလွင်၏အမှာစာ* မှ

❑ Dell ၏ အောင်မြင်မှုမှတ်တမ်းကို ကြည့်ပါက လွန်စွာ မြန်ဆန်လှသည့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်နှင့် တပ်ဆင်ရေးစနစ် ရှိပြီး ဖောက်သည်တို့၏ လိုအပ်ချက်အတိုင်း အလျင်အမြန် ဖြည့်ဆည်းနိုင်ခြင်းပင် ဖြစ်သည်။ Dell ၏ တပ်ဆင်ပြီး ကွန်ပျူတာများမှာ စင်ပေါ်တွင် ကြာရှည် ရှိမနေဘဲ ဖောက်သည်တို့ထံ ပို့ဆောင်မည့် ထရပ်ကားများပေါ်သို့ တိုက်ရိုက် ရောက်ရှိသွားလေ့ရှိသည်။ မန်နေဂျာတို့အတွက် တန်ဖိုးရှိသည့် သင်ခန်းစာမှာ လွန်စွာ ရိုးရှင်းပါသည်။ သင်၏လုပ်ငန်းကို ပုံဖော်ရာတွင် ကုန်လက်ကျန်ကို နည်းနိုင်သမျှ နည်းစေနိုင်သည့် ဗျူဟာကို ချမှတ်ပါ။

*အဓိက ဘဏ္ဍာရေးရှင်းတမ်းများ* မှ

❑ ဘဏ္ဍာရေး ကိန်းဂဏန်းများကို ခြေရာခံနိုင်ခြင်းဖြင့် မန်နေဂျာတစ်ယောက်သည် နည်းလမ်း သုံးသွယ်ဖြင့် တွေးခေါ်လာနိုင်မည် ဖြစ်သည်။ ပထမဦးစွာ လုပ်ငန်းကြီး တစ်ခုလုံးကို ခြုံငုံ၍ စဉ်းစားတတ်လာမည် ဖြစ်သည်။ ဒုတိယအနေနှင့် ကိုယ့်လုပ်ငန်း ယူနစ်တစ်ခုနှင့် လုပ်ငန်းကြီးတစ်ခုလုံးကို ဆက်စပ် စဉ်းစားလာနိုင်မည် ဖြစ်သည်။ တတိယအချက်မှာ ပြင်ပကမ္ဘာကြီးတွင် မည်သို့ ဖြစ်ပေါ်နေသည်၊ စီးပွားရေး နှေးကွေးနေသည် စသည့် မိမိကုမ္ပဏီနှင့် ဆက်နွယ်ပတ်သက်သည်များကို စဉ်းစားလာနိုင်မည် ဖြစ်သည်။

*စီးပွားရေးလုပ်ငန်းတစ်ခု၏ အခြေခံဥပဒေသများ* မှ

❑ စီးပွားရေးလုပ်ငန်းတိုင်းသည် ပြိုင်ဘက်များကို ထိခိုက်စေနိုင်သောကြောင့် သင်၏ပြိုင်ဘက်များအကြောင်း ပိုမို သိရှိလေလေ သင်၏လုပ်ငန်း ပိုမိုကောင်းမွန်လေလေ ဖြစ်သည်။ ဤအချက်သည် မူလဇာစ်မြစ်တော့ မဟုတ်ပါ။ ကုမ္ပဏီ အများစုသည် အချိန်နှင့် အရင်းအမြစ်များစွာ အသုံးပြုကာ ပြိုင်ဘက်ကုမ္ပဏီတစ်ခု၏ နောက်ထပ်အရွေ့တစ်ခုကို ခန့်မှန်းကြသည်။ သို့တိုင် ယင်းကုမ္ပဏီတို့ကို ပြိုင်ဘက်များက မကြာခဏ ကျော်တက်သွားလေ့ရှိပါသည်။

*ဘဏ္ဍာရေးရှင်းတမ်းများက မပြောသော အချက်များ* မှ

## မာတိကာ


◆ စီးပွားအောင်ရန် လိုသည့်အခြေခံ ........ က
◆ စာရေးသူ၏ အမှာစာ ........ ဃ
◆ ဘဏ္ဍာရေးအတိုင်ပင်ခံ ဦးသိန်းလွင်၏ အမှာစာ ........ ဆ
၁။ ဘဏ္ဍာရေးအခြေခံများ ........ ၁
(က) မကြောက်ပါနှင့် ........ ၁
(ခ) ဘဏ္ဍာရေးဉာဏ်စမ်းပုစ္ဆာများ ........ ၆
(ဂ) အဓိက ဘဏ္ဍာရေးရှင်းတမ်းများ ........ ၁၂
(ဃ) စီးပွားရေးလုပ်ငန်းတစ်ခု၏ အခြေခံဥပဒေသများ ........ ၄၅
၂။ မှန်ကန်သည့်ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် ကိန်းဂဏန်းများကို ရွေးခြင်း ........ ၅၄
(က) ဘဏ္ဍာရေးရှင်းတမ်းများကို အသုံးပြုကာ ကုမ္ပဏီ၏ဘဏ္ဍာရေး ခိုင်မာမှုကို တိုင်းတာခြင်း ........ ၅၇
(ခ) သင်၏လုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် အမြတ်ငွေ တိုးပွားအောင် ဆောင်ရွက်ပါ ........ ၇၅
(ဂ) ပိုင်ဆိုင်မှုပစ္စည်းများဖြင့် သင်၏လုပ်ငန်းများ တိုးတက်ရေးအတွက် ဆောင်ရွက်ပါ ........ ၈၂
(ဃ) အမြတ်နှင့် ငွေသား (သင် နှစ်ခုစလုံး လိုအပ်သည်) ........ ၉၄
(င) ငွေသားက အဘယ်ကြောင့် အရေးပါသနည်း ........ ၁၀၈
(စ) သင်၏ လက်ကျန်ရှင်းတမ်း မောင်းတံများ ........ ၁၁၃
(ဆ) သင်၏ လှည့်လည်ရင်းနှီးငွေ မော်ဒယ်က ဘာ ဖြစ်ပါသလဲ (လက်တွေ့လေ့လာချက်) ........ ၁၂၃
(ဇ) ROI ဘာသာရပ်အကြောင်း ပြောဆိုနိုင်ရန် လေ့လာသင်ယူပါ ........ ၁၃၃
(ဈ) စီမံခန့်ခွဲမှုဆုံးဖြတ်ချက်များအတွက် လက်တွေ့နည်းလမ်းများ ........ ၁၄၂
၃။ ဘဏ္ဍာရေး ကိန်းဂဏန်းများ၏ အကန့်အသတ်များ ........ ၁၅၇
(က) ဘဏ္ဍာရေးရှင်းတမ်းများက မပြောသောအချက်များ ........ ၁၅၉
(ဂ) ဘဏ္ဍာရေးဉာဏ်စမ်း ပုစ္ဆာများနှင့် အဖြေများ ........ ၁၇၅
◆ နောက်ဆက်တွဲ (က) ဘဏ္ဍာရေးဆိုင်ရာ ဝေါဟာရများ ........ ၁၈၄